# “ဖဲကြိုးဖြူဈ တတ်ရအောင်”



White

Ribbon

Day

# “ဖဲကြိုးဖြူချေ တတ်ရအောင်”

## ဖဲကြိုးဖြူဖြင့် ချည်နှောင်ကတတ်

- မိတ်ဆွေရို့ အိမ်၊ ကား၊ လှေ၊ ကျောင်း၊ ဘတ်စ်ကား (သို့မဟုတ်) လူစုလူဝေးကို အဖြူရောင် ဖဲကြိုး ဖြူအကြီးကြီးနှင့် ချည်နှောင်နိုင်ပါရေ။ လိုင်းတွန့်ချေတိပါရေ အဖြူရောင်စက္ကူပါးပါးနှင့်လည်း လက်ရာ မြောက် ပြုလုပ်နိုင်ပါရေ။

## ဖဲကြိုးဖြူများ ချိတ်တွယ်ရန်၊

- မိမိရို့ အမျိုးသားတိကို သူရို့၏ နာမည်တိ ဖဲကြိုးဖြူပေါ်တွင် ရွီးထိုးပြီးနောက် နံရံ သို့မဟုတ် အောက်ခံ တခုခုပေါ်တွင် ပင်အပ်ဖြင့် ချိတ်တွယ်ပီးဖို့လည်း မေတ္တာရပ်ခံပီးပါ။
- မိတ်ဆွေရို့တိ ဒေသအတွင်းဟိ မီဒီယာတိနန့် လှုပ်ရှားမှုမတိုင်ခင် ရက်အနည်းချေကပင် ကြိုတင် ဆက် သွယ်ပြီး လှုပ်ရှားမှုတိပြုလုပ်နီရေအကြောင်းကို အသိပီးပါ။ တကယ်လို့ လိုအပ်က သတင်းစာ ရှင်းလင်းပွဲ တိ ပြုလုပ်နိုင်ဖို့ အကူအညီ ပီးနိုင်ပါရေ။

## ဖဲကြိုးဖြူကို ဇာကြောင့် တပ်ဆင်ကတတ်ပါသလဲ။

အဓိကကတော့ – ဖဲကြိုးဖြူတပ်ဆင်ခြင်းအားဖြင့် အမျိုးသမီးတိနန့် အချေသူငယ်တိအပေါ် အကြမ်းဖက်မှု ကျူးလွန်မှုများကို ဆန့်ကျင်ကြောင်း အမြဲတမ်း ပွင့်လင်းစွာ ထုတ်ဖေါ်ပြောဆိုပါမေလို့ မိမိတဦးချင်း ကိုယ်တိုင်ကိုယ်ကျ ကတိပြုခြင်းဖြစ်ပါရေ။

## ဖဲကြိုးဖြူ တပ်ဆင်လျှက် ထူးခြားမှုတခုကို ပြုလုပ်နိုင်ပါရေ။ ဇာကြောင့်လဲဆိုကေ

- အမျိုးသားအများစုရေ အကြမ်းဖက်မှုတိကို မကျူးလွန်ကတတ်ပါ။ အမျိုးသားအများစုရေ အမျိုး သမီးနှင့် မိန်းမချေတိအပေါ် လေးလေးစားစား ဆက်ဆံတတ်ကတတ်ပါရေ။ သို့သော် အမျိုးသား အနည်းစုက၊ အမျိုးသမီးတိနန့် မိန်းမချေတိအပေါ် အထင်အမြင်သေးစွာနှင့် ကြမ်းတမ်းစွာ ဆက်ဆံကတတ်တေ။ အကြမ်း ဖက်ပါရေ။ အေပိုင်အပြုအမူတိကို လုံးဝလက်မခံရေ ယဥ်ကျေးမှုတခု ပတ်ဝန်းကျင်တခု တည်ဆောက်ဖို့ အမျိုးသားတိအပေါ် အများကြီးမူတည်ပါရေ။
- လူမှုအသိုင်းအဝိုင်းအတွင်း ဦးဆောင်သူတိနန့်၊ ဆုံးဖြတ်ချက်ချမှတ်သူ အဆင့်တိမှာ ရောက်နီစွာက အမျိုး သားတိဖြစ်နီပါရေ။ အေပိုင် အမျိုးသားတိအနေနှင့် အမျိုးသမီးတိအပေါ် အကြမ်းဖက်မှု ဖြစ်နီစွာတိကို ရပ်တန့်ဖို့လုပ်ဆောင်ရေနေရာမှာ အဓိကကျရေ အခန်းကပါဝင် ကူညီနိုင်ပါရေ။

- အမျိုးသားတိက မိမိရို့အမျိုးသား မိတ်ဆွေတိ၊ ဆွေမျိုးတော်စပ်သူ အမျိုးသားတိကနီ အမျိုးသမီးနှင့် မိန်းမချေတိကို အနိုင်ကျင့်စော်ကားရေအခါမှာဖြစ်စီ၊ သို့မဟုတ် ကိုယ်ထိလက်ရောက် ကျူးလွန်ရေ အခါမှာ ပွင့်လင်းစွာ ဝေဖန်ပြောဆိုပြီး ကြားဝင်ဟန့်တားနိုင်ပါရေ။
- အမျိုးသမီးတိကလည်း အမျိုးသမီးတိအပေါ် အကြမ်းဖက်မှုကျူးလွန်စွာတိကို အဆုံးသတ်အောင် ဆောင်ရွက်နီရေ အမျိုးသားတိကို သူရို့နှင့်သန္နိဌာန်ချ လုပ်ဆောင်ချက်တိအတွက် ထောက်ခံအားပီးမှု တိနှင့်အတူ လက်တွဲလုပ်ဆောင်လိုကြောင်းကို ပြသပီးပါ။

အမျိုးသမီးတိအပေါ် အကြမ်းဖက်မှုကျူးလွန်မှုဆိုရေ ပြဿနာစွာ အမျိုးသားတိပြဿနာလည်း ဖြစ်ပါရေ။ ဇာကြောင့်လည်း ဆိုကေ –

- အမျိုးသားတိစွာလည်း မိမိရို့ချစ်ခင်မြတ်နိုးရေ အမျိုးသမီးတိနဲ့ မိန်းမချေတိအပေါ် တခြား အမျိုးသားတိက အကြမ်းဖက်စွာတိ ကျူးလွန်ရေအတွက် ထိခိုက်သက်ရောက်မှုတိကို ရင်ဆိုင်ခံစားရပါ ရေ။ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့် စော်ကားမှုနှင့် အချေသူငယ်တိအပေါ် အနိုင်ကျင့်စော်ကားမှုတိစွာ အလွန်နက်ရှိုင်းရေ စိတ်ဒဏ်ရာဒဏ်ချက်တိ၊ စိတ်ပိုင်းဆိုင်ရာ အမာ ရွက်တိ ကျန်ရစ်စီပြီး၊ အေပိုင် ထိခိုက်နာကျင်မှုတိက ဇနီးသည်၊ သမီး၊ ညီမ၊ အမိ၊ အမျိုးသမီး မိတ်ဆွေသူငယ်ချင်းများနှင့် အမျိုးသားတိအကြား ဆက်ဆံရေးကို ထိခိုက်ရိုက်ခတ်မှုတိဟိစီပါရေ။
- တခါတလီ အမျိုးသားများစွာ အခြားအမျိုးသားတိကနီ အမျိုးသမီးတိအပေါ် အကြမ်းဖက် နီစွာ တိကို ဘေးကရပ်ကြည့်နီသူတိ ဖြစ်နီတတ်ပါရေ။
- ယင်းကြောင့် အမျိုးသားများအနေနှင့် –
  - မိမိရို့ မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းတိ၊ ဆွေမျိုးတော်စပ်သူတိက အမျိုးသမီးများကို အနိုင်ကျင့် စော်ကားရေအခါ (သို့မဟုတ်) ကိုယ်ထိလက်ရောက်ကျူးလွန်ရေအခါ မိမိရို့ အမျိုးသားတိအနေနှင့် ဆိတ်ဆိတ်နီပနာ မျက်နှာလွှဲနီဖို့လား သို့မဟုတ်–
  - အမျိုးသမီးတိဘက်ကနီ ရပ်တည်ပြောဆိုဖို့လား –– ဆိုစွာကို – အမျိုးသားများက ရွီးချယ် ရပါမေ။

- နောက်ပြီး – တခါတရံမှာ အချို့အမျိုးသားများ ကိုယ်တိုင် အကြမ်းဖက်မှုကို ကျူးလွန်တတ်ကတ် လို့ ဖြစ်ပါရေ။ ■

Women's League of Burma

www.womenofburma.org
wlb@womenofburma.org